ကောင်းသန့်

# ခရောင်းလမ်းမှ ပန်းနှင်းဆီ

စတုတ္ထမြောက် ရသဝတ္ထုသစ်



## အခန်း (၁)

တစ်ခုသော ကြာသပတေးနေ့တွင် ကျွန်တော့်ထံသို့ စာ (၆) စောင် ရောက်လာသည် ။ အုပ်ချုပ်မှု အယ်ဒီတာက စာများကို ကျွန်တော့်စားပွဲပေါ် လာတင်ပေးထားသည် ။ ကျွန်တော် မဖတ်အားသေး၊ နက်ဖြန်ကိစ္စအတွက် အရေးတကြီး အလုပ် လုပ်နေရသည် ။

နက်ဖြန်တွင် ကျွန်တော်သည် ကျွန်တော်၏ ဇာတိမြို့လေးတွင် ဖွင့်လှစ်ထားသော အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်းပွဲသွားရမည်။ ထိုသင်တန်းဆင်းပွဲတွင် သင်ကြားပြသပေးသည့် ဆရာ ဆရာမများကို ဂုဏ်ပြုလက်ဆောင် ပေးအပ်ရန်နှင့် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသည့် ကျောင်းသား/သူ များကို ဆုပေးရန်အတွက် စီစဥ်နေရသည် ။ ကျွန်တော်၏ ကောင်းသန့်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် သင်တန်းဖြစ်သဖြင့် ကုန်ကျစရိတ်ကို ကျွန်တော်က တာဝန်ယူထားသည် ။ ထို့ကြောင့် ဆုလက်ဆောင်ပစ္စည်းများကို ကျွန်တော်ကိုယ်တိုင် စီစဥ်နေရခြင်း ဖြစ်သည် ။

ဆုလက်ဆောင်ကို စာအုပ်များ ပေးရန် ဆုံးဖြတ်ပြီး စာပေလောက (၅) စာအုပ်ဆိုင်သို့ စာအုပ်များ ပြေးဝယ်ရသေးသည် ။ ရုံးပြန်ရောက်တော့ စာအုပ် တစ်အုပ်ချင်းအပေါ် ကောင်းသန့်စာပေ မေတ္တာလက်ဆောင် တံဆိပ်တုံး ရိုက်ရသည် ။ နာမည်နှင့် ဆုအမျိုးအစားတွေ ရေးရသေးသည် ။ ပြီးတော့မှ ကျွန်တော့်လက်မှတ် ထိုးသည် ။

လက်မှတ်ထိုးပြီး စာအုပ်များကို ပက်ကင်ထုပ်ပိုးပြီး အပေါ်မှ ဆုအမျိုးအစားနှင့် နာမည်တွေ ရေးရပြန်သည် ။ ဆုကိစ္စပြီးတော့ ကျွန်တော့်ကို လိုက်ပါအားပေးကူညီမည့် ဆရာ(ဦး)ဟိန်းလတ်၊ ဆရာကြီး ဦးသိန်းလွင်(အင်္ဂလိပ်စာ)နှင့် ဆရာကြီး ဦးသန်းထွတ်(ပါမောက္ခ-ငြိမ်း) တို့ကို နက်ဖြန်သွားဖို့ အတွက် ကြိုတင်အကြောင်းကြားရသည် ။

ဤသင်တန်းဖွင့်လိုက်သည့်အတွက် ငွေလည်း ကုန်၊ လူလည်း မော၊ အလုပ်လည်း ရှုပ်သည် ။ သို့သော် ကျွန်တော် ဇာတိမြို့လေးမှာ ရှိသည့် ကျောင်းသားလူငယ်တွေ အင်္ဂလိပ်စာတိုးတက်ကြပါစေ၊ အမြင်ကျယ်ကြပါစေ၊ ကျွန်တော်မရခဲ့သည့် အခွင့်အရေးမျိုး ရကြပါစေဟူသော စေတနာဖြင့် အင်္ဂလိပ်စာ အခြေခံအဆင့် သင်တန်းအမှတ်စဉ်(၁)ကို ၃လ အခမဲ့ သင်ပေးခဲ့သည် ။ ကျွန်တော်ကိုယ်တိုင် ရန်ကုန်မှ သွားမသင်နိုင်သဖြင့် ကျွန်တော့်ဇာတိ ဥက္ကံမြို့မှာ နေထိုင်သည့် အင်္ဂလိပ်စာ တတ်ကျွမ်းသည့် ဆရာ ဆရာမ(၆)ဦးကို မေတ္တာရပ်ခံ၍ သင်ကြားပေးစေခဲ့ပါသည် ။ ကိုယ့်မြို့ကလေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကုန်ချင်လည်း ကုန်ပါစေ၊ အလုပ်ရှုပ်ချင်လည်း ရှုပ်ပါစေ။ ပေးဆပ်ခြင်းအနေဖြင့် ကျွန်တော် လုပ်ရပါမည်။

ဆုလက်ဆောင် ပစ္စည်းများ ထုပ်ပိုးပြီးသောအခါ သင်တန်းဆင်း အမှာ စကားပြောရန်အတွက် စဉ်းစားရပြန်သည် ။ ဘာပြောရင် ကောင်းမလဲ။ ဘယ်အချက်တွေ ပါအောင် ထည့်ပြောရမလဲ။ စဉ်းစားနေရင်းက စားပွဲပေါ်ရှိ စာတွေကို မျက်စိက ရောက်သွားသည် ။ စာဖောက်ဖတ်ရန် အတွေးဖြင့် အပေါ်ဆုံးကစာကို ကောက်ယူလိုက်သည် ။ စာမဖောက်ခင်မှာ ဧည့်သည် က ရောက်လာသည် ။ ရပ်ဝေးဧည့်သည် ဖြစ်သဖြင့် စာကို အသာချပြီး စကားပြောရပြန်သည် ။

ခဏနေတော့ ဧည့်သည် ပြန်သွားသည် ။ ကွန်ပျူတာ စာရိုက်သူ ကို တင်ထွင့်ရောက် လာပြီး ရိုက်ရမည့် စာမူများ နှင့် ပတ်သက်ပြီး ပြောဆို ရသည် ။ သူပြန်သွား၍ စောစောက စာကို ကောက်ကိုင်နေစဉ်မှာ ပင်၊ နောက်ထပ်ဧည့်သည် တစ်ဦး ရောက်လာပြန်သည် ။ စက္ကူဖိုးငွေ တောင်းခံရန်လာသည့် ဧည့်သည် ဖြစ်နေသဖြင့် ငွေထုတ်ပြီး ပေးချေရပြ န်သည် ။ သူနှင့် ငွေချေနေစဉ်မှာ မြစ်ကြီးနားမှ ဖုန်းဆက်ပါသည် ။ ဆ ရာနှင့် စကားပြောချင်လို့ ပါ၊ ဆရာ့ စာဖတ်ပရိသတ်လို့ ပြောပါသည် ဟု ပြောသဖြင့် ဖုန်းကိုင်ရပြန်သည် ။ ချီးကျူးအားပေးစကား ပြောသဖြင့် ကျေးဇူးတင်ကြောင်း ပြန်လည်ပြောရသည် ။

ထိုစာကို ကောက်ကိုင်ကတည်းက တစ်ခုပြီးတစ်ခု ဆက်တိုက်ကိစ္စ ပေါ်သည် ။ ကေန္တ ထူးခြားသည့်စာများ ဖြစ်နေမလား မသိဟု စိတ်ထဲက တွေးထင်မိလိုက်သည် ။ ငွေလာယူသည့်လူ ပြန်သွားသည် နှင့် စာအိတ် ထဲကစာကို အပြင်ထုတ်ပြီး ဖတ်တော့မည်လုပ်ကာမှ မနက်ဖြန် အင်္ဂလိ ပ်စာ သင်တန်းဆင်းပွဲကိစ္စ ကြိုတင်ညှိနှိုင်းရန်အတွက် ဇာတိမြို့က င ယ်သူငယ်ချင်း ကျော်လှိုင်ရောက်လာသည် ။ ဘယ်သူတွေလာမလဲ၊ အခ မ်းအနား၊ အစီအစဉ် ဘယ်လိုလုပ်ပေးရမလဲ။ ဧည့်သည် တွေ စားဖို့ သောက်ဖို့ ဘယ်လိုလုပ်ပေးရမလဲ။ ဘယ်အချိန် ရောက်မလဲ။ ပြောစရာ ဆွေးနွေးစရာတွေများ သဖြင့် အတန်ကြာ စကားပြောရသည် ။ ပြီး တော့ သူငယ်ချင်းကို ထမင်းလိုက်ကျွေးသဖြင့် ဖတ်တော့မည့်ဆဲဆဲ စာ ကလေးကို စားပွဲပေါ် ပြန်တင်ထားလိုက်ရတော့၏။

ကိစ္စအားလုံးပြီး၍ ညနေ (၃) နာရီကျော်မှ ထိုစာကို ဖတ်ဖြစ်တော့သ ည် ။

**ဖေဖေ . . .**

သမီး ပန်းနှင်းဆီပါ။

ဖေဖေ့ဆီ လာမယ်ဆိုပြီး မလာဖြစ်ခဲ့တာ ခွင့်လွှတ်ပါ ဖေဖေ။

ဖေဖေ့ရဲ့ ဆုံးမ ဩဝါဒတွေ နာခံပြီး ဖေဖေ့ရဲ့ ဒဿနတွေနဲ့ ဘဝကို တည်ဆောက်ခဲ့တာ၊ တိုးတက်အောင်မြင်မှု ရခဲ့ပါတယ်။

တိုးတက်အောင်မြင်နေဆဲအချိန်မှာ ချစ်တဲ့ သူနဲ့ လက်တွဲပြီး ပျော်ပွဲ ဆင်မလို့ အစစအရာရာ ပြင်ဆင်ပြီးကာမှ . . .

ကံကြမ္မာ မုန်တိုင်းက ရက်ရက်စက်စက် ရိုက်ခတ်လိုက်တဲ့ အတွက် မြေကြီးပေါ်မှာ ပုံလဲကျသွားမတတ် ခံစားလိုက်ရပြန်တယ် ဖေဖေ။

သမီး နှလုံးသားတွေလည်း ကွဲကြေလုမတတ် ဖြစ်ပြီး ဖြေဆည်လို့ မရအောင် ဖြစ်ခဲ့ရပါတယ်။

လူ့လောကရဲ့ အရှုပ်အထွေးတွေကို မျက်ဝါးထင်ထင် တွေ့ကြုံလိုက်ရတဲ့ အတွက် လောကထဲမှာ ဆက်မနေရဲတော့ဘဲ စစ်ကိုင်းချောင်ကိုပြေးပြီး သာသနာ့ဘောင်ကို ဝင်လိုက်ပါတယ်။

ဒုက္ခ အခက်အခဲတွေကို ဒူးထောက် အရှုံးပေးပြီး သာသနာ့ဘောင် ဝင်ပြေးရတဲ့ အတွက် ဖေဖေ့သမီး မပီသဘူးလို့ အပြစ်တင်ချင်လည်း ခံရမှာ ပဲဖေဖေ။

သမီးရဲ့ နုနယ်တဲ့ နှလုံးသားနဲ့ တွေ့ကြုံရတဲ့ ကံကြမ္မာဆိုးက ဘယ်လိုမှ အင်အားမမျှတလို့ သမီးအရှုံးပေး ထွက်ပြေးခဲ့ရတာပါ။

လူ့လောကရဲ့ ဒုက္ခတွေကို ခါးစည်းခံလာရလို့ အစောကြီးကတည်းက သီလရှင် ဝတ်ချင်နေခဲ့တာပါ။ ဖေဖေနဲ့ သိက္ချမ်းပြီး ဖေဖေ့ရဲ့ အားပေးစကားတွေကြောင့် ဘဝကို ပြန်ရုန်းကန် ရင်ဆိုင်ရဲခဲ့တာပါ။ ဖေဖေ သိပါတယ်။

အခုတော့ သမီးမှာ ဘဝကို ရုန်းကန်ရင်ဆိုင်ဖို့ ခွန်အားမရှိတော့ပါဘူး ဖေဖေ။

သာသနာရိပ်မှာ ပဲ ဘဝရဲ့ ငြိမ်းချမ်းမှုကို ရှာဖွေဖို့ စိတ်ကူးထားပါတယ်။

ငြိမ်းချမ်းမှုရဲ့ အရိပ်အငွေ့တွေကို သမီးစတင်ခံစားနေရပါပြီ။ ဒီဘဝမှာ ပဲ တစ်သက်လုံးနေဖို့ ဆုံးဖြတ်လိုက်ရင်တော့ ဘဝတူ လူတွေရဲ့ စိတ်နှလုံး စိတ်ဝမ်းငြိမ်းချမ်းဖို့ တရားဓမ္မ တိုက်ကျွေးနိုင်သူ ဖြစ်အောင် ကြိုးစားပါ့မယ်။

ဖေဖေ့သမီး ပီသအောင် အများ အကျိုးဆောင်သူ ဖြစ်စေရပါမယ်။

အခု လောလောဆယ်မှာ တော့ ဖေဖေ့ရဲ့ ဩဝါဒအတိုင်း ဝေဒနာကို အချိန်နဲ့ ကုစားနေပါတယ်။

သမီးရဲ့ ဖြစ်ပျက်သမျှ အကြောင်းစုံတွေကို သမီးတို့ အရွယ် မိန်းမငယ်လေးတွေ သင်ခန်းစာယူနိုင်ဖို့ ဖေဖေ့ကို တစ်ချိန်မှာ အသိပေးအကြောင်းကြားပါ့မယ်၊ ဖေဖေ့အနေနဲ့ ဝတ္ထုတစ်ပုဒ်ရေးပြီး ပညာပေးစေချင်လို့ ပါ။

သမီးကို နားလည်ပေးပါ ဖေဖေ။

ဖေဖေ ကိုယ်ကျန်းမာ စိတ်ချမ်းသာပါစေ။

သမီး

ပန်းနှင်းဆီ (မစန္ဒာထေရ်ရီ)

စစ်ကိုင်းချောင်

ကျွန်တော်သည် သမီးလေး ပန်းနှင်းဆီစာ ဖတ်ပြီး စိတ်မကောင်းဖြ

စ်ရသည် ။ ဘဝအစ မကောင်းခဲ့သော ဒီကလေးမ အကြောင်းက ကျွန် တော့်ရင်ကို နင့်စေခဲ့ပါသည် ။

ကျွန်တော်၏ သမီးလေးဖတ်ဖို့ အတွဲ(၁) စာအုပ်လေးကိုဖတ်ပြီး ကျွ န်တော့်ဆီ မိတ်ဆက်စာ ရေးသည် ။ မိဘမရှိဘဲ ကြီးပြင်းလာရသဖြင့် ကျွန်တော့်ကို အဖေကဲ့သို့ သဘောထားသည် ။ သူ့ဘဝကို ရင်ဖွင့်သည် ။ ကျွန်တော့်ဆီက အကြံဉာဏ်တောင်းသည် ။

ကျွန်တော်သည် ရောက်လာသော စာတိုင်းကိုတော့ ဖတ်သည် ။ စာပြန်သင့်သည် ကို စာပြန်သည် ။ ကျွန်တော့်မေတ္တာကို လိုလား၍ ဖြစ် စေ၊ အကြံဉာဏ်ကို လိုလား၍ ဖြစ်စေ အလေးအနက်ထား ရေးလာ သောစာများကို တစ်ပတ်တစ်ခါ စုပုံရှင်းစနစ်ဖြင့် စာပြန်သည် ။ တစ်ခါ တလေ စာအစောင် ၂၀ လောက်ထိ ပြန်ရေးရတတ်သည် ။ သို့ရာတွင် မာနသံ ဒေါသသံဖြင့် စွပ်စွဲရေးသားလိုက်သော စာများကိုမူ စာပြန်လေ့ မရှိ။ ပလတ်စတစ်ပုံးလေးထဲသို့ အမှတ်တရ ထည့်သွင်း သိမ်းထားပေး လိုက်သည် ။ သူ့အယူအဆနှင့်သူ ရှိပါစေ။ သူ့ဒေါသနှင့်သူ ရှိပါစေ။ ကျွန် တော်၏ ရွှေလို အဖိုးတန်သောအချိန်ကို ထိုသူတို့ အတွက် ဖဲ့မပေးနိုင်။ သူတစ်ပါးနှင့် အငြင်းအခုံ ပြုရသည့်ကိစ္စ၊ ရှင်းလင်း ဖြေကြားရသည့် ကိ စ္စများကို မလုပ်ဖြစ်ခဲ့သည် မှာ ကြာပြီ။ လုပ်ချင်စိတ်လည်း မရှိတော့။

ကိုယ့်အလုပ် ဥခွံလေးထဲမှာ ပဲနေပြီး ငြိမ်ငြိမ်ကုပ်ကုပ်နှင့် ကိုယ့်အ လုပ် ကိုယ်အဆက်မပြတ် လုပ်နေမိသည် ။ တိုးတက်အောင်မြင် ပျော်ရွှ င်ငြိမ်းချမ်းဆိုသည့် ကိုယ့်ဘဝ လမ်းညွှန်အတိုင်း ဘဝခရီးလမ်းကို မေ တ္တာတရားဖြင့် အေးအေးချမ်းချမ်း ဖြတ်သန်းနေမိသည် ။

ထိုအချိန်တွင် ပန်းနှင်းဆီစာကို ရသည် ။ ဖခင် တစ်ယောက်၏ မေ တ္တာကို စာဖြင့် ပြန်ပေးသည် ။ သူ့ဘဝအတွက် လမ်းညွှန်ပေးသည် ။ ဆို

ဆုံးမသည် ။ အားပေးနှစ်သိမ့်သည် ။ သူ့ဘဝ အောင်မြင်မှုများ အတွက် ချီးကျူးဂုဏ်ယူသည် ။ ကြာတော့ သားအဖအရင်းသဖွယ် ချစ်ခင်ရင်းနှီး လာ ကြသည် ။

ထိုအခါ သူ့ဘဝဖြစ်ကြောင်းကုန်စင်ကို မခြွင်းမချန် ရေးပြလာသည် ။ ကျွန်တော်သည် သူ့စာများကို ဖတ်ရတိုင်း စိတ်မကောင်း ဖြစ်ရသည် ။ ကံကြမ္မာသည် သူ့ကို ရက်ရက်စက်စက် ထိုးနှက်သည် ။ မညှာမတာ ထုထောင်းသည် ။ သူ စိတ်ဓာတ်မကျအောင် သူ့စာလာတိုင်း ဂရုတစိုက် စာပြန်ရေးရသည် ။

ကျွန်တော်၏ လမ်းညွှန်မှု ချီးကျူးအားပေးမှုများ ဖြင့် သူ့ဘဝကို တိုးတက်မြင့်မားအောင် ကြိုးစားခဲ့သည် ။ မိဘဆွေမျိုးမရှိဘဲ၊ ထောက်ပံ့ကူညီသူ မရှိဘဲ၊ ဘွဲ့ရအောင် ယူခဲ့သည် ။ ဧည့်လမ်းညွှန်ဖြစ်အောင် ကြိုးစားနိုင်ခဲ့သည် ။

ယခုတော့ သည် မိန်းကလေး လူ့လောက၏ အရှုပ်အထွေးများမှ ထွက်ပြေးသွားခဲ့ပြီ။ သီလရှင်ဘဝဖြင့် ငြိမ်းချမ်းခြင်းကို ရှာဖွေပြီ။ ထိုအခြေအနေမျိုး ရောက်သွားအောင် ကံကြမ္မာက သူ့ကို ဘယ်လောက်တောင်များ ရက်ရက်စက်စက် ပြုမူလိုက်ပါလိမ့်။

စိတ်ဓာတ်ကြံ့ခိုင်ပြီး တော်ရုံ အရှုံးမပေးတတ်သော သမီးကလေး ပန်းနှင်းဆီသည် ဘာကြောင့်များ သည် လိုဖြစ်သွားရပါလိမ့်။

ကျွန်တော် စဉ်းစားလို့ မရ။ ထိုနေ့က ထိုအကြောင်းကိုသာ စဉ်းစားနေသဖြင့် အလုပ်ကိုလည်း ဖြောင့်အောင် မလုပ်နိုင်တော့ပေ။ ညကျ သူ ရေးပို့သည့် စာများကို ပြန်ရှာပြီး ဖတ်တော့မည်ဟု စိတ်ထဲမှ တေးမှတ်ထားလိုက်၏။

ဩော် သမီးလေး ပန်းနှင်းဆီ၊ စစ်မှန်တဲ့ ငြိမ်းချမ်းမှုကို ရှာတွေ့နိုင်ပါ

စေကွယ်။

*

# အခန်း (၂)

အိမ်ပြန်ရောက်တော့ သိမ်းထားသော အထုပ်ကြီးနှစ်ထုပ်ကို ဖြေရသည် ။ စုစုပေါင်း စာအစောင် ၂၀၀၀ ကျော်လောက်ရှိမည် ထင်သည် ။ လာသမျှစာတွေကို အသေအချာဖတ်ပြီး ကောင်းမွန်စွာ ကျွန်တော်သိမ်းထားသည် ။ အနယ်နယ် အရပ်ရပ်မှ ကျွန်တော့်ဆီကို စာရေးကြသည် ။ သမီးလေး ဖတ်ဖို့ စာအုပ်နှင့် ပတ်သက်ပြီး ရေးကြတာများ သည် ။ မွေးစားအဖေတော်ချင်၍ စာရေးဆက်သွယ်ကြသူများ လည်း ရှိသည် ။ တချို့က စိတ်မွန်းကျပ်နေတုန်း ကျွန်တော့်ဆီ စာရေးပြီး ရင်ဖွင့်တတ်သည် ။ ဘဝအောင်မြင် ပျော်ရွှင်မှုနှင့် ကြုံသွားသောအခါ ကျွန်တော့်ဆီ စာမရေးအားတော့။ တချို့ကတော့ ကျွန်တော့်ဒဿနများကို ကိုင်စွဲပြီး ကြိုးစားရန်းကန်သည် ။ အလုပ်တွေ ရှုပ်လာသည် ။ အချိန်မအား။ ကျွန်တော့်ကို သတိရသည် ဟု ဆိုသော်လည်း စာမရေးဖြစ်တော့။ တချို့က နှစ်ကြိမ်လောက် ကျွန်တော်နှင့် စာအဆက်အသွယ်ရပြီး သူ့လိပ်စာကို ကျွန်တော် သိလောက်ပြီထင်ပြီး လက်မှတ်ပဲ ထိုးလိုက်သည် ။ နာမည်နှင့် လိပ်စာထည့်မရေးပေးလိုက်။ ကျွန်တော်ကလည်း စာပေါင်း ၂၀၀၀ ကျော်ရှိသည့် စာထုပ်ကြီးထဲတွင် သူ့စာကို ပြန်ရှာဖို့ အချိန်မရ။ ထို့ကြောင့် ဘယ်ကို စာပြန်ရမှန်းမသိဖြစ်ကာ အဆက်အသွယ် ပြတ်သွားကြသည် ။

သို့မဟုတ်လျှင် စာထုပ်ကြီး ယခုထက် ပိုကြီးနိုင်သည် ။ ကျွန်တော်သည် စာထုပ်ကြီးထဲမှ ပန်းနှင်းဆီ၏ စာကို စိတ်ရှည်လက်ရှည်ရှာရသ

ည် ။ မိန်းမလက်ရေး ငယ်သေးသေးမဟုတ်ဘဲ စာလုံးကြီးကြီးနှင့် ပီပီသ သရေးတတ်သော သူ့လက်ရေးကို ကျွန်တော် မှတ်မိသည် ။ စာထုပ်၏ အလယ်လောက်တွင် သူ့စာများကို စတွေ့သည် ။ တွေ့သမျှစာများကို ကျွန်တော် ဆွဲထုတ်ထားလိုက်၏။

စာတွေကို ထိုင်ဖတ်လိုက်မည် စိတ်ကူးလိုက်တော့ ည(၇)နာရီရှိပြီ။ ကျွန်တော့်ဇနီး ဝေဝေက ရေဖတ်တိုက်ရမည်ဟု လာသတိပေးသည် ။ ကျွန်တော့်ညီမလေး စိုးစိုးက ထမင်းစားလို့ ရပြီဟု မီးဖိုခန်းမှ လှမ်းအော်သည် ။

ကျွန်တော် စာဖတ်နေလို့ မဖြစ်တော့။ ခြေလက် မျက်နှာဆေးကြော၍ ရေဖတ်တိုက်ရမည်။ ညဘက်တွင် ရေချိုးလေ့မရှိ။ ရေဖတ်တိုက်ပြီး အဝတ်အစားလဲသည် ။ ထို့နောက် ညစာ စားသည် ။ ညစာ စားနေရင်း ပန်းနှင်းဆီ ရေးခဲ့သောစာများကို ပြန်အစဖော်စဉ်းစားနေမိသည် ။ ထမင်းစားနေရင်း ငိုင်ငိုင်သွားသည် ။ ကျွန်တော့်ဇနီးက ‘ထမင်းလေးတော့ ဖြောင့်အောင်စားပါ ကိုကိုရယ်’ဟု သတိပေးသည် ။

ကျွန်တော် ကြိုက်တတ်သော ငါးပိရည် တို့ စရာအစုံနှင့် ကြက်သားကာလသားဟင်း ချက်ထားသည် ။ ရှောက်သီးသုပ်ကလေးလည်း ပါသေး၏။ ကန်စွန်းရွက်ကြော် စိမ်းစိမ်းလေးကိုလည်း မြင်သည် ။ ခါတိုင်းဆို သည် လိုဟင်းမျိုး ချက်ပြုတ်ပြင်ဆင်ထားလျှင် ခေါင်းမဖော်တမ်း ကျွန်တော် စားတတ်၏။

ယခုတော့ သမီးလေး ပန်းနှင်းဆီကို ကျွန်တော် သတိရနေသည် ။ သူ့စာတွေကို ပြန်ဖတ်ကြည့်ချင်နေ၏။ ထမင်းဟင်းကို အာရုံမစိုက်မိ။ တာဝန်အရ ထမင်းစားသလို ဖြစ်နေသည် ။ ကျွန်တော် ညစာ စားရာတွင် အချိန်မကြာတတ်။ လက်ဖက်ရည်ကြမ်း တစ်ပန်းကန်လောက်သာ

စားသည် ။ ထမင်းကုန်သွားလျှင် ဘယ်တော့မျှ ထပ်မထည့်။ အမြဲတမ်း တစ်ပန်းကန်ပဲ စားသည် ။ ဗိုက်မပြည့်သေးဘူးထင်လျှင် ဟင်းကို ပိုထည့် စားလိုက်သည် ။

ယခုတော့ ၁၀ မိနစ်တောင် မကြာ။ ကျွန်တော် ထမင်း စားပြီးသွားပြီ ။ မည်သူ့ကိုမျှ စကားအထွေအထူး ပြောမနေတော့ဘဲ ကျွန်တော့်စာထုပ်ကြီးဆီ ပြန်လာသည် ။ ကျွန်တော့်အိပ်ခန်းထဲတွင် ပက်လက်ကုလားထိုင်ချကာ ရွေးထုတ်ထားသော ပန်းနှင်းဆီ၏ စာများကို ဖတ်ဖို့ ဟန်ပြင်သည် ။

ဇနီးသည် က သင်္ဘောသီး တစ်ပန်းကန်နှင့် ရေနွေးကြမ်း လာချပေးသွားသည် ။ သင်္ဘောသီး တစ်စိတ်ကို ခက်ရင်းနှင့် လှမ်းထိုးပြီး စားလိုက်သည် ။ သိပ်မပူတော့သော ရေနွေးကို တစ်ငုံလောက် သောက်လိုက်ပြီးမှ စာအိတ်ထဲမှ စာကို ဆွဲထုတ်လိုက်သည် ။

ခုအချိန်မှာ ဆရာလေး မစန္ဒာထေရ်ရီတစ်ယောက် တရားထိုင်ပြီး ငြိမ်းချမ်းမှုကို ရှာနေပြီလားမသိဟု တွေးနေမိသေးသည် ။

*

## အခန်း (၃)

**ဖေဖေ (ဦး) ကောင်းသန့် . . .**

သမီးရဲ့ မွေးစားဖေဖေအဖြစ် ဖေဖေလို့ ခေါ်ခွင့်ပြုပါ။ သမီးကိုလည်း ဖေဖေ့ရဲ့ မွေးစားသမီး တစ်ယောက်အနေနဲ့ အသိအမှတ် ပြုပေးပါနော်။

သမီးမှာ အဖေခေါ်စရာ မရှိသလို၊ အမေလည်း ခေါ်စရာမရှိတဲ့ မိဘမဲ့ မိန်းကလေးတစ်ယောက်ပါ ဖေဖေ။ ဆွေမျိုးဆိုလို့ လည်း ဘယ်နားရောက်နေမှန်း မသိတဲ့ အဒေါ်တစ်ယောက်ပဲ ရှိပါတယ်။

မေတ္တာငတ်နေတဲ့ သမီးလေးပါ ဖေဖေ။ ဖေဖေ့ရဲ့ အကြင်နာ မေတ္တာကို လိုချင်တောင့်တလို့ ဖေဖေ့ဆီကို အရဲစွန့်ပြီး စာရေးလိုက်တာပါ။

ဖေဖေ့ရဲ့ သမီးလေးဖတ်ဖို့ စာအုပ်ဖတ်လိုက်ရတော့ ဖေဖေ့သမီး မြဝတ်ရည်အပေါ်မှာ ဖေဖေဘယ်လောက်တောင် ချစ်တယ်ဆိုတာ နက်နက်ရှိုင်းရှိုင်း ခံစားရပါတယ်။

မိုးကောင်းကင်ပြာပြာကြီးအောက်မှာ သမီးလေးဟာ ဖေဖေ အချစ်ဆုံးပါပဲကွယ် ယုံပါ သမီးရယ် ဆိုတဲ့ စာသားဟာ သမီးနှလုံးသားကို ထိရှစေခဲ့ပါတယ်။ မျက်ရည်ဝဲလာရတဲ့ အထိပါဖေဖေ။

သမီးလျှောက်ရမယ့် ဘဝလမ်းခရီးကို မပင်ပန်းမကြမ်းတမ်းရလေအောင် ဖေဖေ ပန်းခင်းပေးထားမယ်နော်။ မမြင်မကန်း စမ်းတဝါးဝါးနဲ့ မလျှောက်ရအောင်လည်း သမီးလေးအတွက် ဖေဖေ့ရဲ့ မေတ္တာမီးအိမ်

လင်းထိန်နေအောင် ထွန်းထားပေးပါဦးမယ် တဲ့ ။

အဲဒီ စာပိုဒ်လေးဖတ်ပြီး သမီး သိပ်ခံစားရတယ် ဖေဖေ။ အင်မတန် ချစ်ခင်ကြင်နာတတ်တဲ့ မြဝတ်ရည်ရဲ့ အဖေမျိုး သမီးလိုချင် တောင့်တမိတယ်။ ဒီဘဝမှာ အဖေအရင်း ဖြစ်ခွင့်မရတောင် မွေးစားအဖေအဖြစ် ခေါ်ခွင့် တော်ခွင့် ပေးစေချင်ပါတယ်။ သမီးကိုလည်း မြဝတ်ရည်နဲ့ တန်းတူမဟုတ်ရင်တောင် မွေးစားသမီးတစ်ယောက်အနေနဲ့ အသိအမှတ်ပြုပြီး ဆိုဆုံးမ လမ်းညွှန်ပေးပါနော်။

ဖေဖေ ရေးခဲ့တဲ့ သမီးလေးဖတ်ဖို့ စာအုပ်ဟာ သမီး ဘဝလမ်းညွှန် ဖြစ်ခဲ့ပါတယ်။

လူတစ်ယောက်ရဲ့ ဘဝဟာ

စကားတစ်လုံး စာတစ်ကြောင်း

ကဗျာတစ်ပုဒ်ကြောင့်

အကြီးအကျယ် ပြောင်းလဲသွားစေနိုင်သတဲ့ ။

ဖေဖေရေးခဲ့တဲ့ စာတစ်ပိုဒ်ဟာ သမီးဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေခဲ့ပါတယ်။

ကံကြမ္မာရဲ့ နှိပ်စက်မှုကြောင့် အိပ်ရာပေါ်မှာ ပက်လက်ဖြစ်နေတဲ့ အချိန် ဖေဖေ့ရဲ့ စကားလုံးတွေ စာကြောင်းတွေကြောင့် သမီးရဲ့ ဘဝနာလန်ထူ နိုးထခဲ့ရပါတယ်။

ဒီအတွက် ဖေဖေ့ကို ကျေးဇူးအများကြီး တင်ပါတယ်။

ရည်မှန်းချက် ပန်းတိုင်မရှိတဲ့

လူတစ်ယောက်ရဲ့ ဘဝဟာ

မျှောချင်ရာ မျှောနေတဲ့

လှေတစ်စင်းနဲ့ တူတယ်တဲ့ ။

ဖေဖေ့စာတွေ မဖတ်ရခင်က သမီး ဘာအတွက်အသက်ရှင်နေမှန်း မသိဘူး။ သူများ ခေါ်မွေးစားလို့ သာ အသက်ရှင်နေရတာ။ ဘာရည်မှန်း ချက်မှ မရှိဘူး။

အခု သိပြီဖေဖေ။ သမီး ပညာတတ်တစ်ယောက် ဖြစ်အောင် လုပ်မယ်။ အများကို အကျိုးပြုမယ့် အလုပ်မျိုးလုပ်မယ်။ သမီးဘဝကို အဓိပ္ပာယ်ရှိရှိ အသက်ရှင်မယ်။

ဒါပေမဲ့ သမီးမှာ လောကဓံကို ကြံ့ကြံ့ခံနိုင်တဲ့ စိတ်ဓာတ်ခွန်အား အပြည့်အဝ မရှိသေးပါဘူး ဖေဖေ။

မိဘမဲ့ ကံဆိုးမလေးကို သနားသဖြင့် စိတ်ဓာတ်ခွန်အား ပေးစေချင် ပါတယ်။

ဖေဖေ့ရဲ့ မေတ္တာ အကြင်နာနဲ့ စိတ်ဓာတ်ခွန်အားသာ ရမယ်ဆိုရင် ကောင်းကင်တမွတ် ကြယ်ကိုတောင် ဆွတ်ရဲပါတယ်။

ဒါကြောင့် အဖိုးတန်တဲ့ ဖေဖေ့ရဲ့ အချိန်နည်းနည်းလောက် သမီးအ တွက် ဖဲ့ပေးစေချင်ပါတယ်။

ဖေဖေ့ရဲ့ ပြန်စာကိုသာ ဖတ်ရရင် သမီးဟာ ကမ္ဘာပေါ်မှာ ကံအကော င်းဆုံး လူတစ်ယောက် ဖြစ်ခွင့်ရသွားပါပြီ။

သမီးရဲ့ မျှော်လင့်ခြင်းတွေကို ရှင်သန်ခွင့် ပေးပါနော်။

ဖေဖေ့ရဲ့ ချစ်သမီး

မမိုးစွေ

ရတနာအမျိုးသမီးဆောင်

……လမ်း။ ကမာရွတ်။ ရန်ကုန်မြို့။

မမိုးစွေ၏ စာကို ဖတ်ရစဉ်က ကျွန်တော်အတော်လေး စိတ်မကောင်း ဖြစ်ရသည် ။ ကိုယ်ချင်းစာစိတ်နှင့် သနားမိသည် ။ မိမဲ့ဘမဲ့ တစ်ကောင်ကြွက်ဘဝနှင့် လူ့လောကတွင် အသက်ရှင်နေရသည် မှာ သူ့အတွက် အတော်လေး ခက်ခဲပင်ပန်းလိမ့်မည်ဟု ထင်သည် ။

ကျွန်တော်ရေးခဲ့သော သမီးလေးဖတ်ဖို့ စာအုပ်သည် သူ့ဘဝအတွက် အားတက်စရာ လမ်းညွှန်စာအုပ်ဖြစ်ခဲ့သဖြင့် ကျွန်တော် ဝမ်းသာသည် ။ ကျွန်တော် ရေးခဲ့သော စာပိုဒ်စာကြောင်းများကြောင့် သူ့ဘဝ ပြောင်းလဲခဲ့ရသည် ဟု ဆိုသည် ။

ကျွန်တော့်ထံမှ ဖခင်တစ်ယောက်၏ အကြင်နာမေတ္တာနှင့် စိတ်ဓာတ်ခွန်အားကို တောင်းသည် ။ သူ့အတွက် အချိန်ပေး စာပြန်ရေးဖို့ တောင်းပန်သည် ။

သည် လို အားကိုးရာမဲ့နေသော သမီးငယ်လေးအတွက် ဖခင်တစ်ယောက်၏ အကြင်နာ မေတ္တာများကို စာရေး၍ ပြန်ပေးခဲ့ပါသည် ။

ဘဝဆိုတာ စိတ်ပျက်အားငယ်စရာ နေရာမဟုတ်၊ ကြိုးစားရုန်းကန် အောင်ပွဲခံဖို့ နေရာဖြစ်ကြောင်း တိုက်တွန်း အားပေးခဲ့မိသည် ။

ရင်ထဲတွင် မွန်းကျပ်မှုများ ရှိပါက ရင်ဖွင့်ပြောကြားနိုင်ကြောင်း အသိပေးခဲ့သည် ။

ကျွန်တော်သည် ပန်းနှင်းဆီ ဖြစ်လာမည့် မမိုးစွေကို သမီးလေးတစ်ယောက်ကဲ့သို့ ဆိုဆုံးမစကားတွေလည်း ပြောခဲ့မိ၏။ သူ့ထံသို့ အချိန်ပေး၍ စာပြန်ရေးခဲ့သည် ကိုလည်း ပြန် အမှတ်ရနေမိတော့၏။

*